
# မိုးကျလျှင်းငွေ

ရင်ကိုခတ်စဲ့ချစ်သိမ်သွား



# မိုဇာလျန်းဝေ

# ရင်ကိုခတ်တဲ့ချစ်ဆိပ်ဆူး

## (၁)

ပန်းဖြူမွှေးရဲ့ လည်ချောင်းတွေ ခြောက်ကပ်နေပြီ။ ခြောက်ကပ်နေတဲ့ လည်ချောင်းထဲမှာ မရှိမဲ့ ရှိမဲ့ တံတွေးကို မနည်းကြီးမြိုချလိုက်သည်။

ပြည့်ဖြိုးထန်း ရုပ်ရှင်သင်္ကေတပါတဲ့ တံခါးဂမှာ ဘောင့်တောင့်လေး ရပ်နေမိသည်။

" ဝင်ခဲ့ပါ .........."

ဆင်နားရွက်တံခါးဂ အတွင်းဘက်မှ .........

' ဝင်ခဲ့ပါ ' ဆိုသော ပြတ်သားမာတောင့်သည့် လေသံကြောင့် ခန္ဓာကိုယ်ထဲမှာ စုစည်းထား ခဲ့သောခွန်အားသတ္တိတွေ အလဲလဲ အပြိုပြို ဖြစ်သွားရပါပြီ။ ခြောက်သွေ့တင်းမာနေသော နှုတ်ခမ်း စုစုလေး အပေါ်သို့ လျှာထိပ်ဖျားလေး ဝေ့ဂဲ ပွတ်သပ်လိုက်သည်။

ဆိုးလေ ဆိုးထမရှိတဲ့ နှုတ်ခမ်းဆိုးဆေးရဲ့ အရသာကို ခံစားမိသည်။ ထို့အတူ ထိုနှုတ်ခမ်း ဆိုးဆေးရဲ့ နီစွေးသော အဆင်းကိုလည်း အသိအာရုံထဲမှာ ခံစားမိပါသည်။

အတွင်းခန်းထဲသို့ အရဲစွန့်ပြီး ဝင်ခဲ့ပါသည်။ ဝင်လာရာ တံခါးပေါက်ဂကို ကျောခိုင်းပြီး မှန်ပြတင်းမှတစ်ဆင့် အောက်မြေပြင်လမ်းပေါ်တွင် သွားလာလှုပ်ရှားနေသော ကားများကို ကြည့်ရင်းတယ်လီဖုန်း ပြောနေသော သူ့ကိုတွေ့ရသည်။

သူမ ဝင်လာသည်ကို ကိုယ်တစ်ပိုင်းလှည့်ပြီး ကုလားထိုင်မှာ ထိုင်ဖို့ မျက်နှာရိပ် မျက်နှာကဲ နှင့် ပြပြီး စကားဆက်ပြောနေသည်။

အချိန်တိုတို အတွင်းမှာပဲ သူစကားပြောလို့ ပြီးဆုံးသွားပါပြီ။ တယ်လီဖုန်းခွက်ကို စိတ်မရှည်သည့် ပုံစံနှင့် ပုခက်ပေါ် ခပ်ဆောင့်ဆောင့်လေး တင်လိုက်သည်။

ပန်းဖြူမွှေးကို တည့်တည့်ကြီး မျက်နှာချင်းဆိုင်ပြီး ဆုံလည်ကုလားထိုင်မှာ ထိုင်လိုက်သည်။ သူ့မျက်နှာကို လျှပ်တစ်ပြေး အကြည့်တစ်ခုပို့ရင်း ပန်းဖြူမွှေးရဲ့ အာခေါင်တွေပိုပြီး ခြောက်သွေ့ပူလောင်လာပါပြီ။

“ဒုက္ခပါပဲ”

လို့ရင်ထဲက ကျိတ်ကျိတ်ကလေး ဆောက်တည်ရာမရအောင် ဟစ်ကြွေးမိပါတော့သည်။ ကျစ်လျစ်သော ကိုယ်လုံး၊ မြင့်မားသော အရပ်ကိုပိုင်ဆိုင်ထားသော သူသည် ချောမွေ့

တည်ကြည်ပြီး လွှမ်းမိုးနိုင်စွမ်း ရှိလေသည် မဟုတ်လား။ သူ့ရဲ့ အကြည့်တွေ ပန်းဖြူမွှေးရဲ့ ကိုယ်ပေါ်မှာ လွှမ်းခြုံသွားပြီ။

ပန်းဖြူမွှေးရဲ့ဒူးတွေ တဆတ်ဆတ် တုန်လာလေသည်။ သူ့ရဲ့ သတင်းတွေ၊ သူ့အကြောင်း တွေ ပန်းဖြူမွှေးကြားဖူးခဲ့ပါတယ်။ ပြောတဲ့လူတွေကို ပိုရန်ကောလို့တောင် ထင်မိပါသေးတယ်။

ခိုလိုနဖူးတွေ့၊ ဒူးတွေ့၊ သူနဲ့တွေ့လိုက်ရတော့ သူတို့ပြောတာ မလွန်ဘူးဆိုတာ ပန်းဖြူမွှေး ဝန်ခံမိလိုက်ပါပြီ။

လေ့ကားတက်ခဲ့စဉ်တုန်းကတောင် ပန်းဖြူမွှေးရဲ့ ရင်ထဲမှာ ယုံကြည်ချက်အပြည့်အဝ ရှိခဲ့တဲ့ ဆန္ဒတွေ ဘယ်ရောက်ကုန်ပြီလဲ။

ပန်းဖြူမွှေးကြိုးစား မွေးယူခဲ့တဲ့ သတ္တိတွေလည်း ရှာလို့ မရအောင် ပျောက်ကွယ်ကုန်ပြီလေ။

“ ဘယ်လိုဆက်ပြီး စခန်းသွားရမလဲ၊ သူဟာ လူညံ့လူဖျင်း တစ်ယောက် မဟုတ်ဘူး”

စိတ်အားငယ်စွာ ပန်းဖြူမွှေး တွေးလိုက်သည်။ ပြီးမှတစ်ဆက်တည်း ပန်းဖြူမွှေး တွေးမိ သည်ကား။

“ အိုး လာရင်းကိစ္စ၊ မဖြစ်ဖြစ်အောင် ကြိုးစားရမှာပဲ”

ထိုဆုံးဖြတ်ချက်နှင့်အတူ ပျော့ခွေသွားတဲ့ စိတ်တွေကို တင်းပစ်လိုက်သည်။ သူ့ဆီက အကြည့်ကို မြန်မြန်ရုပ်အရောင်းပြခန်းထဲက ပစ္စည်းတစ်ခုလို သူက၊ အားမနာတမ်းကြည့်ပါရောလား။

ထိုအချိန်မှာပဲ တယ်လီဖုန်းသံက မြည်လာပြန်သည်။ သူ ဖုန်းကိုင်ရပြန်သည်။ သူ့ပုံစံ ကြည့်ရတာ သိပ်ပြီးစိတ်တိုနေတဲ့ ပုံပါပဲ။

'' ကျွန်တော်ရဲ့ လက်ထောက်ကလဲ ဒီနေ့မပါဘူး၊ မင်းစေလေးကလဲ နေမကောင်းလို့ မပါဘူးဗျာ''

သည်အခန်းထဲမှာ နေရတာ ၊ တစ်မိနစ်ထက် တစ်မိနစ်ပိုပြီး အနေကျဉ်း၊ အသက်ရှူကျပ်လာသည်။

''ပန်းနုထွေးက တစ်ခါမှ ခေါင်းဆောင်မင်းသမီး မလုပ်ဖူးသေးဘူးနော်''

ပန်းနုထွေးလို့ အခေါ်ခံလိုက်ရ၍ ပန်းဖြူမွှေးကိုယ်လေး ထောင့်ခနဲ ဖြစ်သွားသည်။ တုံ့ပြန်သည် အဖြေကို မြန်မြန်ပြန်ပေးမှ ဖြစ်မှာမို့ ဖြေလိုက်ပါသည်။

''ဟုတ်ပါတယ်''

''အခုမင်းကို ခေါ်တိုင်ပင်တာ ဘာကြောင့်ဆိုတာလဲ သိရဲ့လား''

ရုတ်တရက်ပါးစပ်က လွတ်ခနဲ ထွက်သွားသောစကားကို ပန်းဖြူမွှေး မနည်းကြီး ထိန်းလိုက်ရသည်။ ရင်ထဲမှာလည်း တဆတ်ဆတ် ခုန်သွားသလို၊ အထိတ်တလန့်မျက်လုံးလေး ပြူးစိုင်းသွားသည်။

သူ့ရဲ့စူးစမ်းတဲ့ အကြည့်ရှုရှုတွေကို တွေ့ရသည်။ ပျက်ယိုင်သွားသည့် ဣန္ဒြေကို ပြန်ဆည်လိုက်သည်။

''မင်း ဘာပြောချင်လဲ၊ ဆက်ပြောပါ း....''

''ဟို.... မဟုတ်ပါဘူး၊ နုထွေးကို ဘာကြောင့်ခေါ်တွေ့တယ်ဆိုတာ မသိပါဘူးရှင့်''

ပန်းဖြူမွှေးက မျက်နှာကို အတည်ငြိမ်ဆုံး အနေအထားမှာ ထားပြီးပြန်ပြောလိုက်သည်။

''မင်းကို ခေါင်းဆောင် မင်းသမီးတင်မယ်ဆိုရင် မင်းကျေနပ်မှာလား''

မျက်လုံးလေး ပြူး၊ ပါးစပ်လေး အဟောင်းသားနှင့် သူ့ကို တအံ့တသြ ကြည့်နေမိသည်။ သူ့ မျက်နှာတည်တည်ကြီးမှာ ဘာပြောင်းလဲမှုမှ မရှိတာကို တွေ့ရသည်

''အခု တို့ရိုက်မယ့် ကားကမင်းနဲ့ အံဝင်ခွင်ကျမယ့် ဇာတ်လမ်းလေ၊ ဒါကြောင့် မင်းကို ခေါင်းဆောင်တင်ပြီး သုံးကြည့်မလို့''

ဝမ်းသာမှုကြောင့် ရင်ထဲမှာ လှုပ်ခတ်နေသည်။ သူမအတွက် မဟုတ်ပေမယ့် သက်ဆိုင်သူအတွက် ပန်းဖြူမွှေးအရမ်းဝမ်းသာ မိပါသည်။

''မင်းနဲ့ ဆုံဖူးတွေ့ဖူးပေမယ့် တို့တရင်းတနှီး မရှိခဲ့ကြဘူး၊ နောက်ပြီး မင်းပါဝင်သရုပ်ဆောင်တဲ့ ကားလဲတို့မရိုက်ဖူးဘူး၊ ဒါပေမယ့်၊ မင်းရဲ့ သရုပ်ဆောင်မှုကိုတော့တို့ လေ့လာခဲ့ပါတယ်''

မှင်တက်စွာ သူကိုပန်းဖြူမွှေး ေးကြည့်နေပါသည်။

''ကားက ပြင်ဦးလွင်မှာရော၊ ပေလီမှာပါ ရိုက်ရမှာကုန်ကျစရိတ်ကတော့ တော်တော်များမယ်၊ အဲဒါကိုကုမ္ပဏီကနည်းနည်းစရိတ်ချုံ့ဖို့ပြောနေတယ်''

''ဟုတ်''

အူကြောင်ကြောင် ဖြစ်နေလျက်က ပန်းဖြူမွှေးက အလိုက်သင့်ဖြေလိုက်သည်။

''အကုန်အကျများမယ် ကားမို့၊ အောင်မြင်မှ ဖြစ်မယ်၊ ဒီကားက နာမည်ကြီးမှ ဖြစ်မယ်၊ ပန်းနုထွေး၊ ဒါကြောင့် မင်းပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်နိုင်မှ ဖြစ်မယ်၊ ဘယ်လိုလဲ''

''ဟုတ်…ဟုတ်ကဲ့ပါ''

ကိုယ်စားအားမခံရ၍ ပန်းဖြူမွှေးရဲ့ ဖြေသံက အင်အားနည်းလှသည်။

''တကယ် ပီပီပြင်ပြင် မင်းသရုပ်ဆောင်နိုင်ရမယ် သိလား''

''ဟုတ်…''

သူပြောသလို၊ ပန်းနုထွေးသရုပ်မဆောင်နိုင်ရင် ဒုက္ခပါပဲလို ပူပန်စွာတွေးနေမိသည်။ သူမရဲ့ အမူအရာ လှုပ်ရှားဟန်ကို မပြတ်လေ့လာနေတဲ့ အကြည့်စူးတွေကြောင့်ပိုပြီး အနေခက်နေသည်။

ထူးခြားတဲ့ သူ့အကြည့်တွေက ပန်းဖြူမွှေးရဲ့ နှလုံးသားကို တုန်ခိုက်စေလိုက်တာကတော့ အမှန်ပါ။ နက်မှောင်စူးရှနေတဲ့ မျက်ဝန်းတွေက ဖောက်တွင်းနိုင်စွမ်းရှိပါသည်။

''ဒီမှာ ပန်းနုထွေး၊ ရှေ့အပတ်ထဲမှာပဲစပြီး ကားကို ရိုက်မယ်၊ မင်းနဲ့တွဲပြီးသရုပ်ဆောင် ရမှာကနာမည်ကြီးမင်းသား သက်တင်စိုးနဲ့လေ''

''နုထွေးကတော့ မင်းသားနမည်ကို ကြားရင်သိပ်ဝမ်းသာရှာမှာပဲ ''

ပြေးပြီး သတိရလိုက်ပါသေးသည်။

"'ဒါကြောင့် ပန်းနုထွေးမင်းကို ပြောချင်တာ၊ ပေ့ါပေ့ါတန်တန်မတွက်ပါနဲ့၊ ဒီမှာ ကားမှာစိတ်ရောလူရောနစ်မြုပ်ပြီး မင်းအစွမ်းကုန်ကြိုးစားရမယ် သိလား...."

"တို့မှန်းရင်လွဲခဲ့တယ်၊ မင်းသရုပ်ဆောင်နိုင်တယ်လို့တို့ ယုံကြည်တယ်၊ ဒါကြောင့် သိပ်ပြီး သဘောမတူလှတဲ့ ကုမ္ပဏီပိုင်ရှင်ကို အတိုက်အခံလုပ်ပြီး၊ မင်းကို သုံးဖို့တို့ဆုံးဖြတ်ခဲ့တယ်"

စိတ်အား ထက်သန်စွာနှင့်မျက်ဝန်းတောက်တောက်ဖြင့် အားပါးတရ ပြောနေတာ သူ့ကို စိတ်ညှိုခံသူတစ်ဦးလို၊ ပန်းဖြူမွှေး ငေးနေပါသည်။

"နုထွေးသာ၊ဒီနေရာမှာဆို ထခုန်မတတ်ဝမ်းသာရှာလိမ့်မယ်"

ပန်းဖြူမွှေးရဲ့ မျက်နှာကို သူစူးစိုက်ကြည့်နေဆဲပါ။

ရိုက်မည့်ကားရဲ့ဇာတ်လမ်း အကျဉ်းချုပ်ကို ပြောပါသည်။ ပန်းဖြူမွှေးနားထဲမှာ သူ့ရဲ့စကားသံတွေက တိုးသွားလိုက် ကျယ်သွားလိုက်၊ နီးလာလိုက်၊ ဝေးသွားလိုက်ပါပဲ။ သူမ စိတ်မဝင်စားသည့် ကိစ္စတွေကို ပြောနေ၍ ကြာရှည် အာရုံစိုက်မရအောင် ဖြစ်နေသည်။

"ပန်းနုထွေး မင်းနည်းနည်း ပိန်သွားတယ်နော်"

"ဟို တစ်ပတ်က နည်းနည်း နေမကောင်းလို့ပါ"

"ကောင်းတယ်၊ ခုမှပိုပြီး ကြည့်လို့ကောင်းသွားတယ်"

ကျိတ်ပြီး သက်ပြင်းတစ်ချက် ခိုး၍ ရှိုက်လိုက်လေသည်။

"ဒီမှာ ဇာတ်ညွှန်းယူသွားပြီး ဖတ်ကြည့်လိုက်ပါ။ မနက်ဖြန် တစ်ရက်တည်းနဲ့အပြီးဖတ်ပြီး ပြန်ပို့လိုက်ပါ"

''ဟုတ်.....''

''အသေးစိတ်ကိုဟိုရိုက်ကွင်းမှာပဲ တို့သင်ပေးမယ်''

''ဟုတ်ကဲ့ရှင့်''

''ဒါဆို မင်းပြန်နိုင်ပြီး ပန်းနုထွေး''

ဆင်နားရွက် တံခါးဆီသို့ လျှောက်လာပြီး၊ ပန်းဖြူမွေးထွက်ရန် တံခါးကို တွန်းပြီး သူက ဖွင့်ပေးသည်။ သူ့ကိုနှုတ်ဆက်ပြီး ပန်းဖြူမွေး ထွက်ခဲ့သည်။

အခန်းပြင်ရောက်မှာ အောင့်ထားသော ပင့်သက်ကို ရှိုက်ထုတ်လိုက်သည်။

''နုထွေးရေ၊ ကိစ္စကတော့ အောင်မြင်ခဲ့ပြီဟေ့''

လှေကားပေါ်မှာ တစ်ထစ်ချင်းဆင်းခဲ့သည်။ ပန်းဖြူမွေးရဲ့ ရင်ထဲမှာ ဝေဒနာတစ်ခု ကပ်ငြိလာသည်ကို သတိမမူမိလိုက်ပါ။

*

(၂)

ပန်းနုထွေးကိုယ်စား မင်းသူရိန်ဆီရောက်လာခဲ့ရသည့်အကြောင်းတွေကို အပြန်လမ်းခရီးမှ တွေးမိပြန်သည်။ လှေကားပေါ်ကဆင်းခဲ့မှ သူမူရဲ့ဒူးတွေဘယ်လောက်ကုန်နေပြီလဲဆိုတာကို သတိပြုမိသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့သည်။ ချောင်ကျကျစားပွဲမှ ဝင်ထိုင်လိုက်ရသည်။ ဆက်လက်ပြီးလမ်းလျှောက်နိုင်သည့် အင်အားတွေ ပန်းဖြူမွှေးမှာခု လောလောဆယ်ဆယ် ပျောက်ဆုံးနေပါသည်။

''နုထွေးရယ် နင်ဟာ တော်တော် ငါ့ကို နှိပ်စက်တာပဲ''

မကျေမနပ်နှင့် ပန်းနုထွေးကို စိတ်ထဲက ရန်တွေ့လိုက်ပါသေးသည်။ ရှေ့သို့ရောက်လာတဲ့ လက်ဖက်ရည်ကို မသောက်သေးပါ။

''ဟယ်...ပန်းဖြူရယ်၊ နုထွေး ဝမ်းသာလိုက်တာ သိလား၊ ဒါရိုက်တာကို မင်းသူရိန်ကလေ နုထွေးကို သူနဲ့ လာတွေ့ပါတဲ့''

ရုံးမှပြန်လာတဲ့ ပန်းဖြူမွှေးကို အိမ်တံခါးဖွင့်ပေးရင်းနှင့် အမြွှာညီအစ်မ ပန်းနုထွေးက ဝမ်းသာအားရပြောသည်။

''ဟုတ်ကဲ့ပါ....ဘယ်တုန်းက ပြောလဲ''

''စောစောက ဖုန်းနဲ့ပြောတာ....''

''အဲဒါက ဒါလောက်တောင် ဝမ်းသာစရာကြီး ဖြစ်နေပြီးလား နုထွေးရဲ့''

သည်းသည်း လှုပ်နေတဲ့ညီမကို မျက်ဝန်းတည်တည်လေးနှင့်ကြည့်ပြီး ပြောလိုက်သည်။

''ဟာ ပန်းဖြူမှ မသိတာ၊ အဲဒီ ဒါရိုက်တာက လူငယ်ပြီးတော့ သိပ်ချောတယ်၊ တည်တယ်၊ လုပ်ငန်းမှာပြတ်သားတယ် နောက်ပြီး သူရိုက်တဲ့ကားတွေက နာမည်ကြီးတယ်၊ ရင်ထဲမှာငြိပြီး ကျန်းရစ်ခဲ့တဲ့ကားတွေချည်းပဲ သိလား''

''ဟုတ်ပါပြီ....အဲဒီ တော့ ဘာဖြစ်လဲ''

ညီမရဲ့စကားကို သိပ်စိတ်ဝင်စားမှုမရှိလှဘဲ ပန်းဖြူမွှေးက ပြန်မေးလိုက်သည်။

''ဒီလိုနာမည်ကြီး စူပါစတား ဒါရိုက်တာက နုထွေးကို လာခဲ့ပါဆိုတာ ကားရိုက်ဖို့က လွဲလို့ ဘာရှိဦးမှာလဲ။ နုထွေးသူနဲ့ ကားရိုက်ချင်တာလေ ကြာပြီသိလား၊ တစ်ပိုင်းကိုသေနေတာပဲ''

ပန်းနုထွေးရဲ့ ပျာယာခတ်နေတဲ့ အမူအရာကိုကြည့်ပြီး ပန်းဖြူမွှေးက အားပါးတရ ရယ်လိုက်သည်။

''တစ်ပိုင်း မသေပါနဲ့ နုထွေးရယ်၊ တော်ကြာ သိပ်ပြီးရိုက်ချင်တဲ့ ကားမရိုက်လိုက်ရဘဲ ဖြစ်နေဦးမယ်''

''နုထွေး အရမ်းဝမ်းသာတယ်ဟာ၊ ဒါပေမယ့် ဟောဒီမျက်နှာကြီးနဲ့ ဘယ်လိုလုပ်ပြီး သွားရမလဲမသိဘူး''

ပန်းနုထွေးပြောမှ သူမရဲ့မျက်နှာကိုပန်းဖြူမွှေး သတိထားပြီး ကြည့်မိသည်။ အနီပြောက်လေးတွေ ဖြစ်နေသော မျက်နှာကို စိုးရိမ်တကြီး ကြည့်မိသည်။

''ဟင်...မျက်နှာမှာ အနီဖုလေးတွေပါလား၊ ဘာဖြစ်တာလဲ နုထွေး''

''မသိပါဘူး ပန်းဖြူရယ်၊ စိတ်ညစ်လို့လဲတောင်သေချင်တယ် သိလား''

''ဒုက္ခပဲ၊ ဒါဆိုနုထွေးသွားမတွေ့တော့ဘူးပေါ့''

''မတွေ့လို ဘယ်ဖြစ်မလဲ၊ ဒီအခွင့်အရေးကို စောင့်ခဲ့ရတာ ကြာပြီ မဟုတ်လား''

''ဒါဆိုလဲ သွားတွေ့လိုက်ပေါ့''

''တွေ့တော့ တွေ့မယ်၊ ဒါပေမယ့် နုထွေးသွားမှာ မဟုတ်ဘူး၊ နုထွေး ကိုယ်စားပန်းဖြူ သွားရမှာ''

''ဘာ....''

တအံ့တသြနှင့် ပန်းနုထွေးကို ပန်းဖြူမွှေးကကြည့်လိုက်သည်။

''ငါ သွားတွေ့လို ဘာထူးမှာလဲ နုထွေးရဲ့''

''ပန်းဖြူမွှေးအနေနဲ့ သွားရမှာမဟုတ်ဘူး၊ ရုပ်ရှင် မင်းသမီး ပန်းနုထွေးအနေနဲ့ သွားရမှာ...''

ပြုံးစိစိမျက်နှာနှင့် ပြောနေတဲ့ ပန်းနုထွေးကို နားမလည်စွာနှင့် ကြည့်နေသည်။

''ဘာတွေ ပြောနေတာလဲ နုထွေး၊ နင်စိတ်မှကောင်းသေးရဲ့လား''

''သိပ် စိတ်ကောင်းလို့ စီစဉ်နေတာလေ၊ ဒါရိုက်တာကို မင်းသူူရိန်ကို ပန်းဖြူသွားတွေ့ရမယ်၊ နုထွေး ကိုယ်စားပေါ့''

''ဟာ...ရှူးကြောင် မူးကြောင်နဲ့ ဘာတွေပြောနေတာလဲ''

''နေပါဦး ပန်းဖြူရဲ့၊ နုထွေး စီစဉ်တာကို ဆုံးအောင် နားထောင်ပါဦး...''

''နုထွေးကို တကယ် ချစ်ရင် ပန်းဖြူကို ကူညီရမှာပေါ့''

''ကဲ...ဆိုစမ်းပါဦး၊ ဘယ်လို ကူညီရမှာလဲ''

''ပန်းဖြူက နုထွေးဟန်ဆောင်ပြီး ကိုမင်းသူရိန်နဲ့ သွားတွေ့ပေးပါ''

''ရှူးလဲ တော်ရုံ ရှူးစမ်းပါ နုထွေးရာ''

ပန်းဖြူမွှေးက စိတ်ပျက်ပျက်နဲ့ ပန်းနုထွေး အနားက ထွက်ခွာရန် ထလိုက်သည်။ ပန်းနုထွေးက သူ့လက်ကို ဖမ်းဆွဲပြီး တားသည်။

''နေပါဦး ပန်းဖြူရယ်၊ ပြောတာ ဆုံးအောင်နားထောင်ပါဦး''

လက်ကိုအတင်းဆွဲပြီး ထိုင်ခိုင်း၍ ပန်းဖြူမွှေးထိုင်လိုက်ရပါသည်။

''နုထွေးကို ကူညီပါ ပန်းဖြူရယ်''

ပန်းဖြူမွှေးနဲ့ ပန်းနုထွေးက တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတဲ့ အမြွှာညီအစ်မ ပါ၊ သူ့ထက် ငါးမိနစ်ငယ်တဲ့ညီမလေးကို ပန်းဖြူမွှေး ချစ်ပါသည်။ ပန်းနုထွေးစိတ်ချမ်းသာတာကို သူမြင်ချင်ပါသည်။

''နင်အတွက်ဆို ငါဘယ်တုန်းက ငြင်းဖူးလိုလဲနုထွေး''

''အင်း.... ခုတစ်ခါလဲ မငြင်းပါနဲ့ ပန်းဖြူရယ်၊ ပန်းနုထွေးနဲ့ ပန်းဖြူက သိပ်တူတဲ့ အမြွှာ ညီအစ်မပဲ၊ မေမေတောင် ခဏခဏမှားတာ မဟုတ်လား''

''ရုပ် တူပေမယ့် ဝတ်တာ စားတာ နေထိုင်တာ မတူဘူး''

''ဒါများ ဘာခက်လို့လဲ၊ နုထွေးနဲ့ တူအောင်ပြင်လိုက်ပေါ့၊ ရှည်နေတဲ့ဆံပင် နုထွေး ဆံပင်ပုံစံအတိုင်း ညှပ်လိုက်ပေါ့''

''အပြော လွယ်လိုက်တာ နုထွေးရယ်....''

''ကူညီမယ်သာပြောပါ၊ နုထွေးအားလုံး ပြေလည်အောင်လုပ်ပေးမယ်''

''ကဲဟာ...ကူညီမယ်၊ ဒါပေမယ့် ငါ့ကြောင့် တစ်ခုခုမှားရင် မသိဘူးနော်''

''မမှားအောင် နုထွေး သင်ပေးပါ့မယ်''

ပန်းနုထွေးရဲ့ စီစဉ်ညွှန်ကြားမှုဖြင့် ပန်းဖြူမွှေး

အသွင်ပြောင်းလိုက်ရပါသည်။ ကျောလယ်လောက်ရှိတဲ့ ဆံပင်ကို ကုပ်ဝဲလေး ညှပ်လိုက်ရသည်။ ပုံသွင်းလိုက်ရသည်။

အမြဲတမ်း အဝတ်အစားကို ရိုးရိုးလေး ဝတ်နေတဲ့ ခန္ဓာကိုယ်ပေါ်မှာ ပန်းနုထွေးရဲ့ ဟော့ရှော့ပုံစံတွေ တင်လိုက်ရသည်။

သနပ်ခါးသာ ခုံခုံမင်မင် လိမ်းတတ်သော မျက်နှာမှာ ဆေးရောင်စုံတွေ တင်လိုက် ရပြန်သည်။ အမြဲပန်းနုရောင်နှုတ်ခမ်းနီ ဖျော့ဖျော့ကို ဆိုးတတ်တဲ့ နှုတ်ခမ်းဖူးဖူးလေးမှာ နီရဲ တောက်ပြောင်ကာ နှုတ်ခမ်းဆိုးဆေးကို တင်လိုက်ရပြန်သည်။ အနေမတတ်တာမှ တကယ့်ကို မနေတတ်တာပါ။

ဒါတွေ အားလုံးကို ပန်းနုထွေးက ပြုပြင်ပေးသည်။

''ကဲ…ကြည့်လိုက်ပါဦး''

ပန်းနုထွေးက ကြည့်ခိုင်း၍ ကြေးမုံပြင်သို့ လှမ်းကြည့်လိုက်သည်။

''ဟင်''

အရင်က ပန်းဖြူမွှေးရဲ့ အသွင်သဏ္ဍာန်တွေ အားလုံးကွယ်ပျောက်ကုန်ပြီ။

''တွေ့တယ်မဟုတ်လား၊ ပန်းဖြူ လုံးဝအသွင်ပြောင်းပြီး နုထွေးနဲ့ ချွတ်စွပ်တူသွားပြီလေ''

''ဟုတ်ပါရဲ့ကွယ်၊ ဒါပေမယ့် ငါမနေတတ်ဘူး၊ ဒီမိတ်ကပ် ဒီနှုတ်ခမ်းနီတွေနဲ့ အနေ ကျပ်တယ်''

''ကျပ်မနေနဲ့လေ၊ တော်ကြာ သွားရတော့မှ ဒီပုံစံအတိုင်းဆို နုထွေးလို့ပဲ သူထင်မှာပါ၊ အဲ.. သင်ပေးတာတွေတော့ မမေ့နဲ့နော်''

ပန်းနုထွေး ပြင်ပေးသည်က လှပါသည်။ ဒါပေမယ့် အလွန်ရဲတင်းတောက်ပြောင်နေသည်။ မနေတတ် မထိုင်တတ်အောင် ပန်းဖြူမွှေး

ခံစားနေရပါသည်။

အရဲစွန့် သတ္တိတွေမွေးပြီး ချစ်ညီမအတွက် ပါရမီဖြည့်လိုက်ရပါသည်။ မင်းသူရိန်နှင့် တွေ့ရတော့ သူ့ရဲ့ဖောက်ထွင်းနိုင်စွမ်းရှိတဲ့ အကြည့်တွေကြောင့် အလွဲလွဲအမှားမှား ဖြစ်ဖို့ သီသီလေးသာ ဖြစ်ခဲ့ရသည်။

အတွေးများဖြင့် အိမ်သို့ ပြန်ရောက်မှန်းမသိ ရောက်လာရသည်။

*

## (၃)

ပန်းဖြူမွှေး ပြန်အလာကို လည်တဆန့်ဆန့်နှင့် စောင့်မျှော်နေသော ပန်းနုထွေး စိတ်မရှည် ချင်တော့ပါ၊ အိမ်ရှေ့တံခါး ဘဲလ်မြည်သံကိုသာ အာရုံစိုက်နေမိသည်။

တံခါး ဘဲလ်သံကြားသည်နှင့် အူလျားဖားလျား တံခါးဆီသို့ ပြေးခဲ့သည်။ တံခါးဖွင့်လိုက်စဉ် ညှိုးငယ်မောလျသော မျက်နှာနှင့် ပန်းဖြူမွှေးကိုတွေ့၍ ရင်ထိတ်သွားသည်။

''ကြာလိုက်တော့ ပန်းဖြူရယ်၊ အဆင်ရောပြေရဲ့လား ဟင်''

စိုးရိမ်တကြီး အမောတကောနဲ့ မေးသည်။ သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း ပန်းဖြူမွှေးက အိမ်ထဲသို့ လှမ်းဝင်သည်။

''နေပါဦးဟယ်၊ ပြောမှာပေါ့၊ အိမ်ထဲဝင်ပါရစေဦး''

ပန်းဖြူမွှေး ကုလားထိုင် ပေါ်မှ ထိုင်မိသည်နှင့် ပန်းနုထွေးက မစောင့်နိုင်ဘဲထပ်မေးသည်။

''နုထွေးရယ်၊ အစစ အဆင်ပြေပါတယ်၊ နင့်ကိုသူက ခေါင်းဆောင် မင်းသမီး တင်ပြီးရိုက်မလို့တဲ့လေ''

''ဟယ်...တကယ်''

ပန်းနုထွေး မယုံနိုင်လောက်သော မျက်ဝန်းပြူးပြူးပြပြလေးနှင့် မေးသည်။ ဒုတိယ မင်းသမီး၊ အရန်အနေနှင့်သာ ရုပ်ရှင်လောက၊ ဗွီဒီယိုလောကတွင် ပါဝင်လှုပ်ရှားခဲ့ရသော ပန်းနုထွေးပါ။

ခုလို ခေါင်းဆောင် မင်းသမီးတင်ရိုက်မည်ဆိုသော စကားက ပန်းနုထွေးအတွက် ထခုန်ပြီး ကချင်စိတ်ကိုပင်ပေါက်စေလိုက်ပါသည်။

''တကယ်ပေါ့ဟ၊ နောက်အပတ်ထဲမှာ ပြင်ဦးလွင်ကို သွားမယ်အဲ့ဒီမှာ ရိုက်မှာတဲ့''

''ဟယ် ပျော်စရာကြီးပါလား''

''ရော့ ဒီမှာ ဇာတ်ညွှန်းပေးလိုက်တယ်၊ ဖတ်ပြီး သူနဲ့ပြန်တွေ့ရဦးမှာ''

ပန်းနုထွေးက အလျင်စလို ဇာတ်ညွှန်းစာအုပ်ကြီးကို လှမ်းယူလိုက်သည်။

''နင်ခိုင်းလို့သာ လုပ်ရတာ ၊ လူဖြင့် စိတ်ညစ်လို့ သေချင်စော်နံသွားတာပဲ''

မျက်နှာလှလှလေးကို ရှုံ့ပြီး၊ စိတ်ပျက် လက်ပျက်ညည်းညူလိုက်သော ပန်းဖြူမွှေးကို ကြည့်ပြီးဟားလိုက်သည်။

''ဘယ်လိုလဲ၊ ဒါရိုက်တာကြီးကို ပြောတာလေ၊ ကိုမင်းသူရိန်က သိပ်ချောတယ်နော်၊ နုထွေးဆို သူ့ူစမြင်ကတည်းက ပစ်ကျသွားတာပဲ သိလား''

ပန်းဖြူမွှေးရဲ့ မျက်ဝန်းထဲ သူ့ရဲ့ရုပ်ပုံကို ပြန်လည်ခံစားမိရင်း နွေးထွေးသွားပါသည်။ ဒါပေမယ့်ပန်းနုထွေးကိုတော့ ဘာစကားမှ မတုံ့ပြန်လိုက်ပါ။

''ဖြေပါဦး ပန်းဖြူရဲ့၊ သူ့ကို သဘောမကျဘူးလား''

''သူဟာ၊ သာမန်ထက် ပိုပြီးတည်ကြည်ချောမွေ့ပါတယ်''

ပန်းနုထွေးက သူမရဲ့မျက်နှာကို ပြုံးစေ့စေ့နဲ့ ကြည့်ပြီးမေးသည်။

''အင်းလေ၊ ဒါကြောင့်မို့ ပန်းဖြူ သူ့ကိုခိုက်သွားသလားလို့ မေးနေတာလေ''

''ချောတာနဲ့၊ အဲ့ဒီလူအပေါ်မှာ ပစ်ကျပြီး ခိုက်သွားးတဲ့ အထဲမှာ ငါမပါဘူး နုထွေး''

တမင်မျက်နှာထား တင်းတင်းလေးလုပ်ပြီး ပန်းဖြူမွေးက ဖြေလိုက်သည်။

''သူ့ကို တွေ့တဲ့ မိန်းမတွေထဲမှာ တစ်ရာမှ ကိုးဆယ်ကိုးလောက်က၊ အပြတ်ခိုက်ကြတာ ချည်းပဲ''

''အေး…အဲဒီ ထဲက ကျန်တဲ့ တစ်ရာခိုင်နှုန်းထဲက လူစားထဲမှာ ငါပါတယ်''

''ဟား…..ဟား….ဟား''

ပန်းဖြူမွေးရဲ့ ဖြေပုံကို သဘောကျပြီး ပန်းနုထွေးရယ်လိုက်သည်။ ပန်းဖြူမွေးပြောတ သိပ်ကိုဖြစ်နိုင်ပါတယ်။ သူနဲ့ ပန်းဖြူမွေးက အမြွှာညီအစ်မသာဆိုသည်။ စိတ်နေသဘောချင်းက လုံးဝတူတာမှ မဟုတ်ဘဲ။

ပန်းဖြူမွေးက ရိုးတယ်၊ အေးတယ်၊ အနေတည်တယ်၊ ယောကျာ်းလေး အပေါင်းအသင်း ဆိုတာ၊ ဘယ်မှာရှိလို့လဲ။

သူမကတော့ ပျော်ပျော်နေတတ်သလို အပေါင်းအသင်းလည်း များသည်။

ရုပ်ရှင်မင်းသမီးနှင့် ဆေးသုတေသနဌာနက လက်ထောက်သုတေသနမှူးမလေးနဲ့က ဘဝချင်း၊ လုပ်ငန်းသဘောချင်း၊ လူချင်း သဘာဝ ချင်း ဘယ်လိုမှ မတူနိုင်တာဘဲလေ။

''ထွေးရယ်၊ နှင်လိမ်းပေးလိုက်တဲ့ မိတ်ကပ်တွေ့ အနေရခက်လိုက်တာ၊ ဒါတွေ လိမ်းပြီး နှင်နေနိုင်တာ အံ့ရော''

''ဒါက ငါ့လုပ်ငန်းရဲ့ကိရိယာ တန်ဆာပလာတွေလေ၊ မရှိမဖြစ် ပစ္စည်းတွေပေါ့''

ပေါ့ပါးစွာ ပန်းနုထွေးက ပြောသည်။

''ဒါနဲ့ သူက နှင်နဲ့ ငါလဲထားတာကို လုံးဝသံသယမရှိဘူး မဟုတ်လား''

''မရှိဘူး၊ ဒါပေမယ့်....နည်းနည်း ပိန်သွားတယ်လို့တော့ပြောတယ်''

''ဟာ...ဟ လူပါးလူနပ်ကြီး ခံလိုက်ရပြီပေါ့၊ ဒါနဲ့ ရှေ့အပတ်မှာ ကားစရိုက်မယ်ဆိုတာ အသေအချာပဲလား

''သူပြောတာပဲလေ''

''သူ ဘယ်လိုပြောလဲ ပြန်ပြောပါဦး''

ပန်းဖြူမွေးက ထပ်ပြီး ပြောရပြန်သည်။ စိတ်ဝင်တစားနှင့် စူးစိုက်နားထောင်နေသော ပန်းနုထွေးရဲ့ မျက်နှာကိုကြည့်ပြီး၊ သိပ်လှတာပဲလို့ ကိုယ့်ညီမကို ကိုယ်ချီးကျူးမိသည်။

နေသည့်၊ ထိုင်သည့်၊ လှုပ်ရှားသည့် ဟန်များက ကျင့်ယူထားမှုကြောင့် လှုပ်ရှားမှု အားလုံးက မျက်စိပသာဒရှိလှသည်။

မင်းသူရိန်ဆိုတဲ့ ဒါရိုက်တာ ကိုလူချောကလည်း သည်ဟန်သည် အမူအရာလေးတွေကို ကြိုက်လို့ နေမှာပဲဟု တွေးမိသည်။

စကားပြောရင်းက ပန်းနုထွေးရဲ့ လက်ကမျက်နှာပေါ်သို့ ဝဲသွားသည် မျက်နှာပေါ်က အဖုအပိန့်လေးတွေကို စမ်းမိပြီး မျက်ဝန်းတွေ ညှိုးကျသွားသည်။

''ပန်းဖြူရယ်၊ ကြည့်ပါဦး၊နုထွေးရဲ့ အဖုတွေ သက်သာလားဟင်၊ မြန်မြန်

သက်သာမှ ဖြစ်မှာ၊ ရှေ့အပတ်ကားရိုက်ရတော့မှာ မဟုတ်လား''

ပန်းနုထွေးအတွက် သိပ်အရေးကြီးသည့် အချိန်ကျမှာ ခုလို အဖုတွေ ပေါက်လာရသည်ကို ပန်းဖြူမွှေး သနားသည်။

''အဖုတွေက ယားတယ်၊ ဘာဖုတွေလဲ မသိဘူးဟာ''

''ဆရာဝန် ပြလိုက်ပါလား၊ နုထွေးရယ်''

''အင်း မနက်ကျရင် ပြကြည့်မယ်လေ....''

''ပန်းဖြူရယ်၊ အရမ်း ကျေးဇူးတင်တာပဲ၊ ကမ္ဘာပေါ်မှာ ချစ်စရာ အကောင်းဆုံးအစ်မ တစ်ယောက်ကို နုထွေးရထားတနော်၊ ဟုတ်လား''

ပန်းဖြူမွှေးကို လှမ်းဖက်ပြီး နမ်းလိုက်သည်။

''ညီအစ်မ အချင်းချင်းပဲ ဒါလောက်တော့ ကူရမှာပေါ့''

''သူ့ကို ဘယ်လိုမြင်လဲ ပန်းဖြူ''

''ဘယ်လိုမြင်ရမလဲ၊ လူတစ်ယောက်လိုပဲ မြင်တာပေါ့''

ပန်းနုထွေးက သဘောကျစါ ရယ်လိုက်သည်။

''မဟုတ်ဘူးလေ၊ သူ့ကိုကြည့်ပြီး ပန်းဖြူရင်ထဲမှာ ဘယ်လိုခံစားရလဲ၊ ဘယ်လို လူစားမျိုးလို့ ထင်လဲ''

''သူ့အလုပ်ကို သူသိပ်ပြီး အလေးထားတယ်၊ သူလိုချင်တာ ဘာမဆိုရအောင်လုပ်မယ့် လူလို့ထင်တယ်၊ နောက်ပြီး ပြတ်သားသလောက်၊ ဘဝင်လဲ နည်းနည်းမြင့်မယ်လို့ ထင်ရတယ်''

ပန်းနုထွေးက သဘောကျစွာဖြင့် တဟား ဟား ရယ်လိုက်သည်။

''အားလုံး ပန်းဖြူ ပြောတာမှန်ပါတယ်၊ ဒါပေမယ့်သူက ဘဝင်မမြင့်ပါဘူး၊ အနေတည်တာပါ ပန်းဖြူရဲ့''

''ဒါတော့ ငါ့အထင် ပြောတာလေ''

''သူရိုက်တဲ့ ကားထဲက မင်းသမီး တစ်ယောက် အကယ်ဒမီ ရဖူးတယ်၊ နောက်ကား တစ်ကားမှာ မင်းသားရဖူးတယ်၊ နောက်ပြီး သူကိုယ်တိုင်လည်း အကယ်ဒမီ ရဖူးတယ်လေ''

''ဟင်...ဟုတ်လား''

''ဟုတ်တယ်၊ နုထွေးတောင် ပြောဖူးပါသေးတယ်''

''မမှတ်မိတော့ဘူး။''

ပန်းနုထွေးကို အစ်မဖြစ်သူကို မျက်စောင်းလေးဝဲပြီး ဆက်ပြောပါသေးသည်။

''ပန်းဖြူကလေ သူ့စာအုပ်၊ သူ့အလုပ်တွေကလွဲရင် ဘာမှကို စိတ်မဝင်စားဘူး၊ နုထွေး ပြောတာတွေကိုလဲမမှတ်ထားဘူး။

''ဆောရီးပဲကွာ..''

''ကဲ....ပြောပါဦး၊ ကိုမင်းသူရိန်ကို ဘယ်လိုမြင်လဲ၊ သူ့ကို သဘောမကျသွားဘူးလား''

''ဟင့်အင်း၊ မိန်းကလေး တစ်ယောက်ကို အရောင်းပြခန်းထဲက ပစ္စည်း တစ်ခုလို ပြူးပြူး ပြဲပြဲစေ့စေ့ကြီး လေ့လာတာကို မကြိုက်တာပဲ၊ သူက လူချော တစ်ယောက်ဆိုတာကို ငါဝန်ခံပါတယ်၊ ဒါပေမယ့် ငါရဲ့သဘောကျတဲ့ လူစားမျိုးထဲမှာ မပါဘူး၊ တော်ပါသေးရဲ့ ဒီလူနဲ့ ဒီတစ်ခါသာ တွေ့ဆုံဆက်ဆံရလို့ပေါ့''

မျက်ဝန်းမှိန်မှိန်လေးနှင့် ပန်းနုထွေးက သူ့ကိုလှမ်းကြည့်နေသည်ကို တွေ့ရသည်။ ပန်းဖြူမွေးရဲ့ စကားကို ဘာမျှပြန်ပြီး မဝေဖန်ပါ။

အသက်မွေးဝမ်းကျောင်းရော၊ ဝါသနာပါလားလားမှ မတူတော့

ပန်းဖြူမွှေးသည် မင်းသူရိန်ကို သည်လိုပဲမြင်ပေမပေ့ါ၊ ပန်းနုထွေးတို့ ရုပ်ရှင်အသိုင်းအဝိုင်းမှာ မင်းသူရိန်သည် ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုတာ ပန်းဖြူမွှေး မသိရှာပါလားလို့ တွေးမိသည်။

ပန်းဖြူမွှေးလည်း မောမောရှိသည်နှင့် ရေချိုးပြီး နားလိုက်သည်၊ မင်းသူရိန် အကြောင်းရော၊ ရုပ်ရှင်အကြောင်းပါ၊ ခေတ္တစခန်းရပ်သွားသည်။

ပန်းနုထွေးက ဇာတ်ညွှန်းကို စိတ်ဝင်တစား ဖတ်ရှုနေပါသည်။

*

## (၄)

နောက်တစ်နေ့ နံနက် အိပ်ရာမှနိုးပြီး နံနက်စာကို သွက်သွက်လေး ပြင်ဆင်လိုက်သည်။ ပြီးမှပန်းနုထွေး အခန်းဆီသို့ သွားကြည့်သည်။

အိပ်ရာမှ မထသေးသော ပန်းနုထွေးကို နှိုးလိုက်သည်။ ပန်းနုထွေး ကိုယ်တွေပူပြီး ဖျားနေသည်။

''ပန်းဖြူရယ်၊ နုထွေး အဖုတွေ ပိုများပြီး အရမ်းယားတယ် ဘာတွေဖြစ်နေပြီလဲ မသိဘူး''

''ဟယ် ဟုတ်ပါရဲ့''

ပန်းနုထွေးက ပြောလာမှ သေသေချာချာ ကြည့်မိသည်။ မျက်နှာမှာရော၊ လည်ပင်း လက်တွေမှာရော ရေကြည်ဖုလေးတွေ အများကြီးပါလား။

''ဘာဖုတွေလဲ မသိဘူး၊ နုထွေးတော့ဒုက္ခပါပဲ''

ငိုမဲ့မဲ့ မျက်ရည်လေးဝဲဝဲနှင့် ပန်းနုထွေးက ပြောသည်။ သည်နေ့ စောစော အိမ်ကထွက်မည်ဆိုတဲ့ စိတ်ကူးပျောက်သွားရပါပြီ။

''ဒေါက်တာ ရဲစိုးကို ဖုန်းဆက်ပြီး ခေါ်လိုက်မယ်''

''မြန်မြန် ခေါ်ပါ ပန်းဖြူရယ်''

ရုပ်ရည်ကို အရင်းတည်ပြီး လုပ်ကိုင်စီးပွားရှာနေရတဲ့ ပန်းနုထွေးသည် ရုပ်ဆိုးသည့် အဖုများကြောင့် စိတ်ဓာတ်အကြီးအကျယ် ကျနေသည်။

ပန်းဖြူမွှေးလည်း ညီမအတွက် စိတ်ပူသွားသည်။ ပြေးပြီး တယ်လီဖုန်း ဆက်ရသေးသည်။ အရန်သင့်ပါပဲ၊ ဒေါက်တာ ရဲစိုးက ချက်ချင်းလာမည်ပြောသည်။

တယ်လီဖုန်း မချခင်မှာပဲ တံခါးဘဲလ်တီးသံ ကြားရသည်။ ဖုန်းခွက်ကို အမြန် ချပြီး တံခါးကို အပြေးအလွှားဖွင့်ရသည်။

''ဟော...လှမေ စောစောလာတာ အတော်ပဲ''

အိမ်ဖော်မလေး လှမေကို တွေ့ရ၍ စိတ်နည်းနည်းပေါ့သွားသည်။ မနက်လာ၊ ညနေပြန်နှင့် အိမ်ဖော်မလေး လှမေက ပန်းဖြူမွှေးကို အိမ်တွင် အလုပ်လုပ်လေသည်။ အိမ်ထောင်ရှိသော လှမေက ညအိပ်ညနေ အပြီးအပိုင် အိမ်မှာမနေနိုင်ဘူးလေ။

''ဘာဖြစ်လို့လဲ ပန်းဖြူရဲ့''

''နုထွေးလေ... နေမကောင်းဘူး၊ ရေကြည်ဖုတွေပိုများလာတယ်''

''ဟုတ်လား''

''အင်း... ဒေါက်တာ ရဲစိုးက ခုလာလိမ့်မယ်၊ ရေနွေးလေး ဘာလေး လုပ်ထားပါဦး''

''ကောင်းပြီ ပန်းဖြူ''

အချိန်တိုတို အတွင်းမှာပဲ ဒေါက်တာရဲစိုး ရောက်လာပါသည်။ ပန်းနုထွေးကို ကြည့်ရှု စစ်ဆေးသည်။ နောက်ဆုံး ဒေါက်တာ ရဲစိုးက ရောဂါမည်ဖော်လိုက်ပုံက ပန်းနုထွေးကို လဲသေစေချင်စိတ်ကို ပေါက်စေလိုက်သည်

ရေကျောက်ပေါက်သည်တဲ့လေ၊ သည် အရွယ်ကျကာမှ ဘယ်က ရေကျောက်က မျက်စိ လည်လမ်းမှားပြီး ပန်းနုထွေးဆီသို့ ရောက်လာသည်မသိပါ။

ဒေါက်တာရဲစိုး ရှေ့မှာ မအောင့်အည်းနိုင်ဘဲ ပန်းနုထွေးကလေး တစ်ယောက်လို ငိုလိုက်ပါသည်။

''တိတ်ပါ နုထွေးရယ်၊ မကြာခင် ပျောက်သွားမှာပေ့ါ''

''ဟုတ်ပါတယ် နုထွေး၊ နှစ်ပတ်လောက် နေရင် ပျောက်သွားမှာပါ''

''နှစ်ပတ် ဟုတ်လား၊ အဲဒီ နှစ်ပတ်ဆိုတာ နုထွေးအတွက် ဆယ်ကမ္ဘာလောက်ကြာမှာ ဒေါက်တာရဲ့''

ဒေါက်တာ ရဲစိုးက ကျိတ်ပြီး ပြုံးလိုက်သည်။ ပန်းနုထွေးက ကိုယ့်အကြောင်းနှင့်ကိုယ်မို့ နှစ်ပတ်မပြောနဲ့ သည်အနာတွေကို နှစ်ရက်တောင် မဖြစ်ချင်တဲ့သူပါ။

ဇာတ်ကားရိုက်ဖို့ နောက်နေ့ပဲ ဒါရိုက်တာ မင်းသူရိန်နဲ့ သွားတွေ့ရမည် မဟုတ်လား၊ အနီ အဖု အပိတ် ရေကျောက်ပွင့်တွေ ပရပွနှင့် သူ့မ မျက်နှာကို မင်းသူရိန်က ရပ်ရှင်ရိုက်ပါဦးတော့ မလား။

တစ်သက်လုံး စောင့်ခဲ့ရတဲ့ အခွင့်အရေး၊ သည်မည္ဘာမတော မပင့်မဖိတ်ဘဲ ရောက်လာတဲ့ ရေကျောက်တွေကြောင့် စွန့်လွှတ်ရတော့မည် ထင်ပါရဲ့။

ဆောက်တည်ရာမရအောင် ပန်းနုထွေး ငိုနေပါသည်။ ဒေါက်တာ ရဲစိုးလည်း အစွမ်းကုန် ချွေးသိပ်ပြီး ပြန်သွားသည်။ ပန်းဖြူမွှေးလည်း ပါးစပ်ညောင်းအောင် ချော့ကျွန်ရစ်ခဲ့သည်။

''ကဲ..နုထွေးရယ်၊ ငိုမနေပါနဲ့ဟာ၊ မကြာခင် ကောင်းသွားမှာပေ့ါ၊ ငါ ဒီနေ့ အလုပ်မသွားလို့ မဖြစ်ဘူးသွားရမယ်''

လှမေကို သေသေချာချာ အပ်ခဲ့ပြီး စိတ်မဖြောင့်နောက်ဆံတင်းစွာနှင့် အလုပ်သို့ ထွက်ခဲ့ရသည်။

ဆေးသုတေသနရုံးရှိ သူမရဲ့ ရုံးခန်းထဲသို့ ဝင်ခဲ့သည်။ သူမနှင့်အတူ လုပ်ဖော်ကိုင်ဖက် တင်သိန်းမောင်ကရောက်နှင့်နေပြီး ဖြစ်သည်။

''ပန်းဖြူမွှေး နောက်ကျလှချည်လား၊ မနေ့ကလဲ မလာလို့ ငါ့မှာ အလုပ်တွေ မပြီးဘူး''

ဆီးပြီး မကျေမနပ် မျက်နှာပေးနှင့်ပြောသည်။ ပန်းဖြူမွှေး ဒေါပွသွားသည်။

''မပြီးသေးလည်း ပစ်ထားလိုက်ပေ့ါ ကိုတင်သိန်းမောင် ''

မာဆတ်ဆတ် လေသံနှင့် ပြန်ပြောရင်း လက်ထဲက ဆလင်းဘက်ကို စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ တစ်ခါမျှ အလုပ်ကို ပေ့ါပေ့ါတန်တန် သဘောမထားသလို ချုလိုလည်း ဒေါသမကြီးသော ပန်းဖြူမွှေးပါ၊ တင်သိန်းမောင်က တအံ့တသြနှင့် သူမကိုစိုက်ကြည့်နေသည်။

''နင် ဘာဖြစ်နေလဲ ပန်းဖြူ''

''စိတ်တိုနေတာ''

''ဘာလို့လဲဟာ''

''ဒီမှာ စာတမ်းက အရေးကြီးနေတဲ့ကြားထဲ အိမ်မှာနုထွေး နေမကောင်းဘူးလေ၊ အားကြီး ဂျီကျနေတာပဲ''

တင်သိန်းမောင်က ခုမှ ပြုံးနိုင်သည်။ ပန်းဖြူမွှေးစိတ်တိုရသည့် အကြောင်းရင်းကိုသိပြီး ရင်ထဲနည်းနည်းပေ့ါသွားသည်၊ ပန်းဖြူမွှေးအပေါ် တိတ်တခိုး သံယောဇဉ်တွယ်နေတဲ့ သူ့ရင်ထဲက စိုးရိမ်စိတ်တွေ လွင့်စဉ်ပြေးသွားသည်။

''မနေ့က ငါ အကြမ်းဖျင်းရေးထားတယ်၊ ခဏတော့ ဖတ်ကြည့်ပါဦး ပန်းဖြူ''

''ဟုတ်လား''

ခဏ နားလိုက်တော့ ပန်းဖြူမွေးရဲ့ ရှုပ်ထွေးနေတဲ့ စိတ်တွေပြန်လည်ကြည်လင် လန်းဆန်းလာတယ်၊ သည်အခန်းသည် စာအုပ်တွေကြားမှာသူ့စိတ်ဝင်စားမှုတွေ ရှင်သန်တက်ကြွလာသည်။

သည်တစ်ခါ ဆေးသုတသန ဆွေးနွေးညှိနှိုင်းပွဲတွင် ပန်းဖြူမွေးနှင့်တင်သိန်းမောင် ပေါင်းပြီး ကျမ်းတစ်စောင် တင်ဖို့ ပြုစုနေခြင်းပါ။ လက်တွေ့ စမ်းသပ်မှုတွေလုပ်ရသည်မှာလည်း နှစ်ယောက်သား နားချိန်ဆိုတာ မရှိသလောက်ပါ။

ဝါသနာတူရည်ရွယ်ချက် ကြီးကြီးမားမားနှင့် သူတို့နှစ်ဦးက လိုချင်သည့်ပန်းတိုင်ရောက် အောင်ကြိုးပမ်းနေကြခြင်းပါ။

''စင်မီနာကလိုသေးတယ်မဟုတ်လား ငါတို့စာကြမ်းကိုပြန်ပြီး အချောသတ် တိတိကျကျ လုပ်ဖို့ အချိန်ရပါသေးတယ်''

''အင်း....အချိန်ရပါတယ်''

ရိုးရိုးရှင်းရှင်းလေးနှင့် လှပဝန်းစက်နေတဲ့ မျက်နှာလေးကို စွဲမက်မြတ်နိုးစွာ တင်သိန်းမောင် ကကြည့်နေပါသည်။ ရိုးအေးပြီး ရည်ရွယ်ချက်ကြီးမားတဲ့ သူလေးကိုသူ အသည်းနှင့်တမျှ ရင်းနှီး ချစ်ခင်ခဲ့ရပါသည်။

ဒါပေမယ့် ရင်ထဲက အချစ်တွေကို သူလုံခြုံစွာသိမ်းဆည်းနေပါသည်။ အချစ်အကြောင်းကို လုံးဝစိတ်မဝင်စားတဲ့ ပန်းဖြူမွေးကို သူကြောက်ပါသည်။ ပန်းဖြူမွေးအပေါ်မှာ စိတ်ကွက်ငြိုငြင်မှာ ကိုစိုးရိမ်ပါသည်။

ပန်းဖြူမွေးက စိတ်ကွက်ပြီး ခုရရှိနေတဲ့ ခင်မင်မှုလေးကို

ခြေဖျက်လိုက်မှာကို စိုးရိမ်ပါသည်။ ချစ်ခင်တုံ့ပြန်မှုမရှိသေးလျှင် နေပါစေ၊ ခင်မင်မှုကိုတော့ အဆုံးရှုံးမခံနိုင်ပါ။

ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးကြ တိုင်ပင်ကြနှင့် တင်သိန်းမောင်ရဲ့ ရင်ထဲက ချစ်စိတ်လေးလည်းမှေးမှိန်သွားရပြန်သည်။

ညနေအပြန် ပန်းနုထွေးအတွက် မုန့်နှင့်လိမ္မော်သီးဝယ်ပြီး ပြန်ခဲ့သည်။

*

## (၅)

မနက်ကထက် ပိုပြီးရုပ်ဆိုးစွာ အဖုတွေကြီးထွားများပြားလှသည်ကို တွေ့ရသည်။ မနက်က လောက် ပန်းနုထွေးရဲ့မျက်နှာက ညှိုးနွမ်းနေပုံ မရပါ။ လန်းလန်းဆန်းဆန်း ဖြစ်နေတာ တွေ့ရတော့ ရင်ထဲမှာ အေးရသည်ပေါ့။

''နေကောင်းလား နုထွေး''

''ဒါလောက် အဖုတွေ ဗလပျစ်နဲ့ ဖြစ်နေတာ နေကောင်းနိုင်ပဲ့မလား၊ နေလဲ မကောင်းဘူး၊ စိတ်လဲမကောင်းဘူး''

စူစူမူမူလေးနှင့် ပန်းနုထွေးက ဖြေသည်။

ပန်းဖြူမွှေး ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

''ရော့….ဒီမှာ နုထွေးစားဖို့ ဝယ်လာတာ…''

ပန်းနုထွေးက သူမကို စူးစူးစိုက်စိုက် ကြည့်နေသည်။

''ပန်းဖြူတို့ ကျမ်းပြုစုတာ ပြီးခါနီး ပြီးလား''

''အကြမ်းတော့ ပြီးပါပြီ''

''ဒါကို တော်တော် ပြီးနေပြီ''

''အချောသတ်ရဦးမယ်၊ လိုတာလေးတွေ ဖြည့်ရဦးမယ်လေ''

''သြော်....''

ခါတိုင်း သူမရဲ့အလုပ်ကို စိတ်ဝင်စားမှုမရှိတဲ့ ပန်းနုထွေးကသည်နေ့ စိတ်လိုလက်ရ မေးနေပါရောလား၊ ထူးဆန်းနေတဲ့ ညီမကိုကြည့်ပြီး ပြုံးမိပြန်သည်။

''ဘာလဲ..နုထွေးက တို့ရဲ့ကျမ်းကို စိတ်ဝင်စားနေပြီလား''

''အခြေအနေက စိတ်ဝင်စားဖို့ ဖန်လာပြီလေ''

''ဘယ်လို''

ပြုံးစိစိနှင့် လုပ်နေသောညီမကို နားမလည်စွာနှင့် ပန်းဖြူမွေးက ကြည့်နေသည်။

''ခုအချိန်မှာ ပန်းဖြူရဲ့ကျမ်းက ပြီးနေတာ သိလို့ ပန်းဖြူရဲ့နုထွေး ပိုဝမ်းသာတယ် သိလား''

''အလို ထူးထူးဆန်းဆန်းပါလား''

''ထူးဆန်းရမယ်လေ၊ တစ်နေ့လုံး နုထွေးစဉ်းစားနေတယ်၊ အကြံတစ်ခု ရတယ်၊ အဲဒီ အကြံကြောင့် နုထွေး ရင်ထဲမှာ စိတ်သက်သာရာရလိုက်တယ်''

ပန်းနုထွေးရဲ့ အပြောက စိတ်ဝင်စားစရာ ဖြစ်လာပြီး ပန်းနုထွေးကို မျက်မှောင်လေး ကြုတ်ပြီးကြည့်လိုက်သည်။

''နုထွေး ဘာတွေ တွေးနေလဲလို့''

''ရှေ့အပတ် ကားရိုက်နိုင်ရမယ်လို့ နုထွေး ဆုံးဖြတ်ထားတယ်''

''ဟင်... ဒီ မျက်နှာကြီးနဲ့ ဘယ်လိုလုပ်ရမှာလဲ နုထွေးရယ်''

''ရပါတယ်၊ မျက်နှာတစ်ခုက ဖုတွေ ထစ်တွေနဲ့ ဖြစ်နေပေမယ့် ကျန်တဲ့ မျက်နှာလေးက ဖူးနုချောမွတ်နေတယ်လေ၊ အဲဒီ မျက်နှာလေးနဲ့ ရိုက်မလို့....''

ပန်းနုထွေးရဲ့ မျက်နှာကိုကြည့်ပြီး ပန်းဖြူမွှေး နှာခေါင်းရှုံ့လိုက်သည်။

''နုထွေး စိတ်တော့ကောင်းသေးတယ်နော်''

''ကောင်းလွန်းလို့ သိပ်ကောင်းတဲ့အကြံ အစည်တွေ ထုတ်နိုင်တာပေါ့''

''နုထွေးကို လိုက်လို့မမီဘူးဟာ''

''ဒီမှာ နုထွေး ပြောမယ်၊ သေသေချာချာ နားထောင် အခုရိုက်မယ့်ကားမှာ ပန်းဖြူက နုထွေးကိုယ်စား သရုပ်ဆောင်လိုက်ရုံပေါ့''

''ဟာ… နင်ရူးနေလား''

ထိုင်ခုံကနေ မြောက်ခနဲ ထခုန်ပြီး ခါးခါးသီးသီး ငြင်းဆန်ရင်း ပန်းဖြူမွှေးက ပြောသည်။

''နုထွေး၊ အနူးအညွတ်တောင်းပန်ပါတယ်။ ပန်းဖြူရယ် ဟော့ဒီမျက်နှာက အနာတွေ မပျောက်ခင်ဘဲ ပန်းဖြူ ကူညီပါ၊ နောက်တော့ လူချင်းပြန်လဲလိုက်မယ်လေ''

''အို…ရှုပ်ရှုပ်ယှက်ယှက် နုထွေးရယ်၊ ငါစိတ်မဝင်စား မတတ်ကျွမ်းတဲ့ အလုပ်ကို ဘယ်လို လုပ်မှာလဲ၊ ပြီးတော့ ဟို…ဒါရိုက်တာကရော လက်ခံမတဲ့လား''

''အဲဒီ ဒါရိုက်တာ သိစရာမလိုပါဘူး၊ ကိစ္စက နုထွေးနဲ့ ပန်းဖြူနှစ်ယောက်တည်းသာ သိရမယ့် ကိစ္စပါ''

''ဟာ…မဖြစ်ပါဘူး၊ စိတ်ကူးမယဉ်စမ်းပါနှင့်၊ နုထွေးရယ်….''

''ပန်းဖြူကလဲ၊ တကယ်လက်ပေါက်ကပ်တယ်၊ ကူညီနိုင်ရက်သားနဲ့ နုထွေးကို မကူညီဘူး၊ သိပ်ရပ်စက်တယ်၊သိပ်နေစိမ့်တယ်''

ပန်းနုထွေးက ပြောရင်းနှင့်ဝမ်းပမ်းတနည်း ရှိုက်ကြီးတငင်ငိုပါလေသည်။ ပန်းဖြူမွှေး အရမ်း စိတ်ညစ်သွားပါသည်။ ပန်းနုထွေး

အရှုးထစိတ်ကူးပေါက်ပြီး လျှောက်ပြောတိုင်း သူမ လိုက်ပြီး ဖြည့်ဆည်းလုပ်ကိုင်လေးဖို့ ခက်ခဲလှပါသည်။

''နုထွေးရယ်၊ မဖြစ်နိုင်တာ ကြီးကိုခိုင်းပြီး ငါ့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့ဟာ''

''ဘာလို့ မဖြစ်နိုင်ရမှာလဲ နုထွေးနဲ့ ပန်းဖြူဟာခွဲမရအောင် တူတယ်''

''အဲဒါနဲ့ပြီးမယ့် ကိစ္စမှ မဟုတ်တာ''

''မနေ့ကတောင် နုထွေးကိုယ်စား ကိုမင်းသူရိန်နဲ့ သွားတွေ့သေးတာပဲ''

''အေးလေ၊ တွေ့ပြီး စကားပြောတာလောက်တော့ လုပ်နိုင်တာပေ့ါ၊ မင်းသမီး တစ်ယောက်လို သရုပ်ဆောင်ဖို့က လွယ်တာမှ မဟုတ်တာ''

''လွယ်အောင် နုထွေး သင်ပေးမှာပေ့ါ''

''ဟာ…သင်လို့ရဦးတောင်၊ ငါက နင်နဲ့လုံးဝ ဝါသနာချင်းမှ မတူတာ၊ လုပ်ရဦးတောင် နင်လို့ပီပီပြင်ပြင်ဖြစ်မလား၊ အလေ့အကျင့်လဲမရှိ၊ အတွေ့အကြုံလဲ ဘာမှမရှိတာဘဲ''

''နုထွေးအတွက် ဒါလောက်တောင် မကြိုးစားပေးနိုင်ဘူးလား ပန်းဖြူရယ်''

''ကြိုးစားပေးချင် ကူညီချင်တာ၊ အတိုင်းထက်အလွန်ပါ၊ ဒါပေမယ့် လုံးဝမဖြစ်နိုင်တဲ့ ကိစ္စကြီးပါဟာ၊ နင့်ဒါရိုက်တာကို ပြောပါလား၊ ဒီရေကျောက်တွေပျောက်မှ ရိုက်ရပါရစေလို့''

''သူ့အကြောင်းသိတယ်၊ အချိန်ကုန် ငွေကုန်ခံမယ့် လူစားမဟုတ်ဘူး၊ ဒီပြင် မင်းသမီး တစ်ယောက်နဲ့ရိုက်လိုက်မှာ၊ ရုပ်ရှင်ရိုက်ရင်၊ တစ်ရက်ကုန်ကျစရိတ်ဆိုတာ မနည်းဘူး ပန်းဖြူရယ်၊ ခုလိုစိစဥ်ပြီးမှ ဖျက်မှာမဟုတ်ဘူး၊ အဆုံးအရှုံးလဲ ခံမှာမဟုတ်ဘူး''

''နင့်ဟာကလဲ ထွက်ပေါက်မရှိလိုက်တာ''

''ရှိပါတယ်၊ ပန်းဖြူ ကူညီတာဟာ ထွက်ပေါက်ပဲပေါ့''

''မလွယ်ပါဘူး၊ နုထွေးရယ်''

စိတ်ပျက်စွာ ပန်းဖြူမွေးက ညည်းညူလိုက်သည်။

''ရုံးက ခွင့်တစ်လလောက် ယူလိုက်ပါ''

''ခွင့်က ခုတင် ခုရတာ မဟုတ်ဘူး''

''နေမကောင်းဘူးဆိုပြီး တင်ရင်ရတယ်လေ၊ နေမကောင်းတာကြည့်ချင်ရင်၊ နုထွေးကို ကြည့်၊ ရသားပဲလို့''

သူ့ အစီအစဉ်နှင့် သူပန်းနုထွေးက အဟုတ်ကြီး ဟုတ်နေပါသည်။

''နုထွေးရယ်၊ နင် ရူးနေသလား၊ ငါမှ သရုပ်မဆောင်တတ်တာပဲ''

''သရုပ်ဆောင်တတ်အောင် နုထွေး သင်ပေးပါ့မယ်ဆိုမှ''

''ဝါသနာမပါရင် ဘာမှဖြစ်လာမှ မဟုတ်ပါဘူးဟာ''

စိတ်ညစ်ညစ်နှင့် ပန်းဖြူမွေးက ဆံပင်တွေကို ဆွဲဖွလိုက်မိသည်။ ပန်းနုထွေးက စိတ်လျှော့ ပုံမရသေး။ သူမလိုချင်တာကို မဖြစ်ဖြစ်အောင် ဆွယ်တရားဟောနေတုန်းပါပဲ။

''ပန်းဖြူမကူညီရင် နုထွေး ဘဝကသွားပါပြီ ရတောင့်ရခဲ အခွင့်အရေးကြီး ဆုံးရှုံးရမှာပဲ''

ပန်းဖြူမွေးက လုံးဝသဘောမတူ လက်မခံသောကြောင့် ပန်းနုထွေး စိတ်ဓာတ် အကြီးအကျယ် ကျသွားသည်။ အိပ်ရာသို့ စောစောဝင်သွားသည်။

တမှိုင်မှိုင်နှင့် စကားမပြောနိုင်၊ မစားနိုင်၊ မသောက်နိုင် ဖြစ်နေသော ညီမကို မကြည့်ရက်တော့ပါ နောက်ဆုံးတွင် သူမရဲ့ အလိုကိုလိုက်ဖို့

ဆုံးဖြတ်လိုက်ပါသည်။

''ကဲပါ နုထွေးရယ်၊ နင် ဒါလောက် စိတ်ထက်သန်နေရင် ငါကြိုးစားကြည့်မယ်''

''ဟင်..တကယ်''

ညှိုးရော်နေတဲ့ မျက်နှာလေး နှင်းစက်တွေနဲ့ တွေ့ထိလိုက်ရတဲ့ ပန်းကလေးကို လန်းဆန်း လာပါတော့သည်။

''အေးလေ၊ ငါမှ မကူညီရင် နင့်အဖြစ်က သေတော့တော့မယ့် အတိုင်းမဟုတ်လား''

စိတ်တိုတိုနှင့် ပန်းဖြူမွှေးက ပြောသည်။ ပန်းနုထွေးက အကျေနပ်ပြီး ကျေနပ်နေပါသည်။

''ကဲ...ပေးစမ်းပါဦး၊ ဇာတ်ညွှန်းကို ဖတ်ကြည့်ပြီးမှ ဟိုလူကို သွားတွေ့ရမှာပေါ့''

ဘာအလုပ်မဆို ပြတ်ပြတ်သားသား ပီပီပြင်ပြင် လုပ်တတ်တဲ့ ပန်းဖြူမွှေးက ထုံးစံအတိုင်း တိကျစေရန် ဇာတ်ညွှန်းယူဖတ်သည်။

*

## (၆)

ပန်းနုထွေးအဖြစ် မင်းသူရိန်ကို သွားတွေ့ရမည်ဆိုတော့၊ ပန်းနုထွေးရဲ့ ဆင်ယင်ပြင်ဆင်မှု အတိုင်းပြုပြင်လိုက်ရပါသည်။

သူမ မနှစ်သက် မခုံမင်သော မိတ်ကပ်တွေကို မျက်နှာပေါ်သို့ တင်ရပြန်သည်။ ဝတ်စား ပြောဆိုမှုကိုလည်း၊ အသွင်ပြောင်း လိုက်ရပါတော့သည်။

ဇာတ်ညွှန်းစာအုပ်လေးကို ပိုက်ပြီး၊ မင်းသူရိန်ရဲ့ ရုံးခန်းဆီသို့

ထွက်ခဲ့ရပါသည်။ ပန်းနုထွေးရဲ့ ကျောက်နာများ အခြေအနေများ ပိုဆိုးလာသည်။ ပန်းနုထွေးကို ကြည့်ပြီးသနား မိသည်။

ပန်းနုထွေး ဖြစ်စေချင်သလို၊ သူ့ ဘဝအတွက် ကြိုးစားပေးလိုက်မည်လို့ စိတ်ကူး ထားပါသည်။ ချစ်ရလွန်းပါတဲ့ ညီမအတွက် ပန်းဖြူမွှေး ကြိုးပမ်းလိုက်ပါသည်။

ဓာတ်ညွှန်းစာအုပ်ကို ပိုက်ပြီး၊ ပရိဂျူဆာ ဒါရိုက်တာ မင်းသူရိန်ထံသို့ ထွက်ခဲ့သည်။ နောက်ဘယ်တော့မှ မလာတော့ဘူးလို့ ဆုံးဖြတ်ခဲ့သော နေရာသို့ တစ်ခေါက်ပြန်လာခဲ့ရပြန်သည်။

အခန်းထဲသို့ လှမ်းဝင်ဖို့ သတ္တိတွေမွေး စိတ်ကိုတင်းလိုက်ရသည်။ ပန်းဖြူမွှေးရဲ့ ဟန်တွေကို ခွာချပြီး မင်းသမီး ပန်းနုထွေးဟန်တွေ လွှမ်းခြုံပြီး၊ သူ့ရဲ့ အခန်းထဲသို့ ဝင်ခဲ့သည်။

စာရေးစားပွဲတွင် ငုံ့ပြီးစာရေးနေသည်၊ မင်းသူရိန်က သူမဝင်လာသည်ကို သတိမပြုမိပါ။ ငုံ့ထားသည့် သူ့မျက်နှာကိုကြည့်ရင်း ပန်းဖြူမွှေးရဲ့ အသည်းနှလုံးထဲမှာ စည်းချက်တွေ လွတ်အောင် ခုန်သွားသည်။

သူ့ရှေ့တည့်တည့်မှာ ရပ်မိတော့မှ ပန်းဖြူမွှေးကို သတိထားမိသည်။ မော့အကြည့် ပန်းဖြူမွှေးကို တွေ့တော့ တွန့်ရုံလေးသာ ပြုံးပြသည်။

''ဟော...လာ ပန်းနုထွေး ဖတ်ပြီးပြီးလား''

''ဟုတ်ကဲ့....''

ပန်းဖြူမွှေးက တိုးတိမ်သော အသံလေးနှင့် ဖြေသည်။

''ထိုင်လေ''

မတ်တတ်ရပ်လျက် အနေအထားမှာ ရှိနေသေးသော ပန်းဖြူမွှေးကို သူကထိုင်ခိုင်းသည်။ ပန်းနုထွေးရဲ့ ဟန်ပန်အတိုင်း သွက်သွက်လေး ပန်းဖြူမွှေး

ထိုင်လိုက်သည်။

''ဘယ်လိုလဲ။ မင်း သရုပ်ဆောင်နိုင်ပါ့မလား၊ ပန်းနုထွေး''

ဝါးရင့် ပုဂ္ဂိုလ်ကြီးဟန်နှင့် မင်းသူရိန်က ပြောနေသည်။ ကြီးကျယ်ရန်ကောလို့ စိတ်ထဲက ဒေါပွမိသည်။ ဒါပေမယ့် ချက်ချင်းပဲ ပန်းနုထွေးရဲ့ စကားတွေကို ပြန်ကြားယောင်မိသည်။ မင်းသူရိန်သည်၊ သူ့ရဲ့ရုပ်ရှင်လောက၊ အနုပညာ အသိုင်းအဝိုင်းမှာ၊ အလွန်အရည်အချင်းနဲ့ ပြည့်ဝ၊ အောင်မြင် ကျော်ကြားသည့် လူလို့ဆိုသည်ပဲ၊ သည်တော့ဒါလောက်တော့ ကြီးကျယ်ပေ မပေ့ါလို့၊ တွေးပြီးနည်းနည်း ခွင့်လွှတ်နိုင်သွားသည်။

''ရှေ့အပတ်ထဲ ခရီးထွက်ဖို့ ပြင်ပေတော့၊ ပြင်ဦးလွင်မှာ တစ်ပတ်လောက် ကြာမယ်၊ အဝတ်အစားတွေရော၊ ဇာတ်လမ်းနဲ့ အံဝင်ခွင်ကျအောင် စီစဉ်ချိန်ရမလား''

''ရပါတယ်''

လူကို စူးစိုက်ကြည့်ပြီး စကားပြောတတ်သော သူ့အလေ့အကျင့်မို့ ထင်မိတယ်၊ သူအကြည့် စူးစူးများအောက်မှာ တကယ်အနေခက်ပြီး ပန်းဖြူမွှေး အသက်ရှူပင် ကျပ်နေသည်။

''ဒါဆို…ကျွန်မ ပြန်ပါဦးမယ်''

''ကောင်းပြီ၊ အသေးစိတ် အစီအစဉ်ကို နောက်မှ ဖုန်းဆက် အကြောင်းကြား လိုက်မယ်''

''ဟုတ်ကဲ့၊ ပြန်ခွင့် ပြုပါဦး''

နှုတ်ဆက်ပြီး ပန်းဖြူမွှေး ထိုင်နေရာမှ ထလိုက်သည်။ သူမရဲ့ကိုယ်ပေါ်မှာ အကြည့်စူးတွေ လျှပ်တိုက်ပြေးသွားသည်။ ကျောထဲပင် စိမ့်အေးသွားသည်။

''နုထွေးနဲ့ ငါ့ရဲ့ကွာခြားချက်တွေ သူ..မသိပါစေနဲ့''

စိတ်ထဲက ကျိတ်ပြီး ဆုတောင်းလိုက်သည်။ ပန်းနုထွေးရဲ့ ဟန်အတိုင်း ခါးလေးကိုနွဲ့ တင်လေးကိုယမ်းပြီး သူ့အခန်းထဲက လျှောက်ထွက်ခဲ့သည်။

သူမရဲ့ နောက်ပါးမှာ မင်းသူရိန်ရဲ့ အကြည့်များကပ်ပြီးပါမှာကို ကြိုတင်သိပြီး ဖြစ်နေသည်။

အိမ်ပြန်ရောက်တော့ စိတ်စောစွာ လည်တဆန့်ဆန့်နဲ့ မျှော်နေသော ပန်းနုထွေးကို တွေ့ရသည်။

''ဘယ်လိုလဲ ပန်းဖြူ၊ အားလုံး အဆင်ပြေလား''

''အေး.... ပြေပါတယ်၊ နောက်တစ်ပတ်ထဲမှာ ခရီးထွက်ရမယ်''

''ဒါဆို ဆေးခွင့်တင်လိုက်လေ၊ တော်ကြာ သွားခါနီး ခွင့်မရ ဖြစ်နေဦးမယ်''

စိတ်လောကြီးစွာ နုထွေးက ပြောသည်။

''ငါ့အလုပ် ငါသိပါတယ် နုထွေးရယ်''

ညည်းညည်းညူညူဖြင့် ပန်းဖြူမွေးက ပြောလိုက်သည်။

''တစ်ခုပဲ ငါ စိုးရိမ်တယ်၊ နင်ရဲ့သရုပ်ဆောင်တာတွေကိုသူသိတယ်၊ နင်နဲ့လဲ နီးနီးကပ်ကပ် နေခဲ့တယ်မဟုတ်လား''

''အဲဒါ ဘာဖြစ်လဲ နုထွေးရဲ့''

''သူဟာ အကြည့်စူးစူးနဲ့ ကြည့်တတ်သလို မျက်စိလဲလျင်တယ်၊ တော်ကြာ လူလဲထားတာ သိသွားမှာ စိုးရိမ်တယ်''

''ဟာ... ပန်းဖြူကလဲ ကြံဖန် စိုးရိမ်တယ်၊ မေမေတောင် နုထွေးတို့ကို ခွဲနိုင်လို့လား၊ ခဏ ခဏမှားတယ်လေ''

''အင်း ဟောဒီက အမှတ်လေးသာ မရှိရင် နင်နဲ့ ငါက ခွဲရသိပ်ခက်တာတော့မှန်တယ်''

လည်ပင်းအောက်နား ညှပ်ရိုးပေါ်က အမာရွတ်လေးဆီသို့ ပန်းဖြူမွှေးရဲ့လက်က ရောက်သွားသည်။ လက်သည်းခွံလောက်ရှိတဲ့ အမာရွတ်ကလေးကို သူမရဲ့ သွယ်လျသော လက်ချောင်းလေးတွေနဲ့ ပွတ်သပ်မိသည်။

''ဒီ အမှတ်လေးကို သူ သတိထားမိမှာ မဟုတ်ပါဘူး ပန်းဖြူရယ်''

''ဟုတ်တော့ ဟုတ်တယ်၊ တော်ရုံလူ သတိ မထားမိနိုင်ဘူးနော်''

''ကဲ... ပန်းဖြူ၊ အဝတ်အစားတွေ စီစဉ်မှ ဖြစ်မယ်၊ ရက်က သိပ်မရှိတော့ဘူး''

ပန်းဖြူမွှေး အရမ်းစိတ်ညစ်သွားသည်။ ဆံပင်တွေဆွဲဖွပြီး ကုတ်ပစ်လိုက်သည်။

''အဲဒါကို ငါ မကျွမ်းဘူး၊ ဘာဝတ်လို့ ဝတ်ရမှန်းလဲမသိဘူး''

''နုထွေး စီစဉ်ပေးမှာပေ့ါ၊ နုထွေးရဲ့ အပ်ချုပ်သည်နဲ့ အချိန်မီအောင် စီစဉ်ပေးမယ်၊ စိတ်ချ..ပန်းဖြူ''

''အင်း...အဓိကကျတဲ့ သရုပ်ဆောင်မှုကိုပါ မလုပ်နိုင်ရင်ခက်မယ်''

''နုထွေး သင်ပေးပါမယ်ဆိုမှ ပန်းဖြူရယ်''

ညှိုးငယ်နေတဲ့ ညီမကိုကြည့်ပြီး သနားမိသည်။ ဒါကြောင့် သူမ စိတ်ပျက်အားငယ်မည့် စကားတွေ မပြောမိအောင် ပန်းဖြူမွှေးက ထိန်းလိုက်ပါသည်။

''နုထွေး... ဒီနေ့ နေသာရဲ့လား''

''အို အဖုတွေက ပိုဆိုးလာတယ်၊ ယားတယ်...ဆရာဝန်က မကုတ်နဲ့ အနာရှုတ်ထင်မယ် ဆိုလို့အောင့်အည်းနေရတယ်၊ ကုတ်ဖဲ့ပစ်ချင်တာ အသည်းကို ယားနေတာပဲ''

''ကုတ်တော့ မကုတ်နဲ့၊ တော်ကြာ မျက်နှာလှလှလေး အနာရှုတ်တွေထင်ပြီး ရုပ်ဆိုး သွားလိမ့်မယ်''

''ရုပ်နဲ့ အလုပ်လုပ်ရတဲ့လူကိုမှ ၏ ဒီရေကျောက်တွေက ဘယ်က မျက်စိလည်လမ်းမှားပြီး လာပေါက်ရသေးတယ်၊ ကြံကြံဖန်ဖန် ဖြစ်ရတယ်၊ နုထွေး အရမ်းဒေါပွတာပဲ သိလား''

ပန်းနုထွေးကို ကြည့်ပြီး မချိုပြုံးလေးပင် ပြုံးမိပါသည်။ ပန်းနုထွေးရဲ့ အောင်မြင်မှုသည် မိမိ အပေါ်မှာ လုံးလုံးလျားလျား တာဝန်ကျရောက်နေပြီ မဟုတ်လား၊ ဒါကြောင့် အစွမ်းကုန်ကြိုးစား ပေးလိုက်မည်လို့ ဆုံးဖြတ်ထားသည်။

*

## (၇)

နောက်တစ်နေ့ နံနက်၊ သူမ ပြုစုနေသော စာတမ်းစာရွက်များကို ပွေ့ပိုက်ပြီး သုတေသန ဌာနသို့ထွက်ခဲ့သည်။ အခန်းတံခါးကို ဖွင့်ပြီး ဝင်လိုက်သည်။

တင်သိန်းမောင်က မရောက်သေးပါ။ စာရွက်စာတမ်းတွေဖြန့်ပြီး အချောသတ်စတင်ရေးဖို့ ဆုံးဖြတ်လိုက်သည်။ရေးသားနေစဉ်မှာပဲ တင်သိန်းမောင် ရောက်လာသည်။

''ဟော..ပန်းဖြူမွှေး၊ ဝီရိယ ရှိလှချည်လား''

''ဟုတ်တယ် စောစောပဲထွက်လာတယ်၊ ဒီမှာကျွန်မအချော ရေးနေပြီ''

''ဟုတ်လား''

''ကိုယ် ဘာလုပ်ပေးရမလဲ''

ပန်းဖြူမွှေး ဦးနှောက်ထဲမှာ တွက်ချက်ပြီးသားပါ။ ပထမ တစ်ခန်းနှစ်ခန်း ပြီးအောင် ရေးပေးခဲ့ပြီး ခွင့်ယူဖို့ ဆုံးဖြတ်ထားသည်။

''ပထမနှစ်ခန်းကို ကျွန်မရေးပေးမယ်၊ ကျန်တဲ့ အခန်းတွေကို ကိုတင်သိန်းမောင် ရေးပေးပါ''

''ကောင်းပြီလေ''

ပန်းဖြူမွှေး အတွက်ဆိုရင် ဘာပဲလုပ်ပေးရပေးရ လုပ်ပေးမယ့် တင်သိန်းမောင်ပဲ။ သည်ကျမ်းကို ဆက်ရေးပေးဖို့ဆိုတာ စကားထဲထည့်ပြောဖို့ပင်မလိုပါ။ အကူအညီမတောင်းခင် ကတည်းက ပေးဖို့အသင့်ပဲ။

ပန်းဖြူမွှေးက သူမ အကြံနှင့် သူမဗို့ အားလုံးကွက်တိဖြစ်အောင် စီစဉ်နေသည်။ ကားရိုက်မထွက်မီ သည်နှစ်ခန်းကို ပြီးပြတ်အောင် ရေးထားခဲ့သည်။

တင်သိန်းမောင်က သူ့စားပွဲမှာ လူ့အလုပ်နှင့် သူရှုပ်နေသလို ပန်းဖြူမွှေးရဲ့ လက်ကလေး ထဲကဘောလ်ပင်ကလည်း သွက်လက်စွာ စက္ကူဖြူချပ်ပေါ်တွင် ပြေးလွှားနေလေသည်။

အလုပ်ရှုပ်နေသည့်ကြားက ပန်းဖြူမွှေးရဲ့ ရှင်းဝင်းနေသည့် မျက်နှာလေးကို တင်သိန်းမောင်က ခိုး၍ ကြည့်နေသည်။ သနပ်ခါးဝင်းဝင်းလေးက ပန်းဖြူမွှေးရဲ့ မျက်နှာပေါ်မှာ ထုံသင်းပျံ့မွှေးနေသည်။

တစ်ချက် တစ်ချက်လေအပင့်မှာ လွင့်လာတဲ့ ပန်းဖြူမွှေးရဲ့ ကိုယ်သင်းနံ့နဲ့ သနပ်ခါးနံ့က သူ့ရင်ကိုဖိုလှိုက် လှုပ်ရှားစေပါသည်။

တိတ်တခိုးအချစ်တွေနှင့် ချစ်ရလွန်းပါသော ပန်းဖြူမွှေးကို သူချစ်ရေးမဆိုရဲသေးပါ။ သိပ်ပြီး အနေတည်သလို စကားကို

လိုသည်ထက်ပိုမပြောတတ်သဖြင့် ပန်းဖြူမွှေးကို သူလန့်ပါသည်။

လုပ်ဖော်ကိုင်ဘက်တွေမို့ အနေနီးသည်။ ဒါပေမယ့် ပန်းဖြူမွှေးက အနေမှန်သည်။ ဒါကြောင့် စာတမ်းကိစ္စ ကျမ်းကိစ္စ၊ လုပ်ငန်းကိစ္စတွေကလွဲပြီး အခြားကိစ္စတွေကို မပြောမိကြပါ အထူးသဖြင့် မေတ္တာရေးရာကို လုံးဝ စိတ်ဝင်စားဟန် ပန်းဖြူမွှေးမှာ မရှိပါ။

စာကို အာရုံစိုက်ပြီး ငုံ့ထားသော ပန်းဖြူမွှေးရဲ့ မျက်နှာအလှကို မြတ်နိုးရှိုက်မက်စွာ ခိုး၍ ငေးကြည့်မိသည်။

ဖျက်ခနဲပန်းဖြူမွှေးက မော့အကြည့်သူ့ရဲ့ စူးရဲသော အကြည့်နှင့်တိုးသည်။ မျက်ခုံးထူထူ လေးနှစ်ခုတွန့်သွားတယ်။

''ဘာလဲကိုတင်သိန်းမောင်''

သူမကိုတစ်ခုခုပြောချင်၍ လားလို့ထင်ပြီးမေးသည်။

တင်သိန်းမောင်က ကပျာကယာအကြည့်ကို ရုပ်သိမ်းလိုက်သည်။

'' ဘာမှ မဟုတ်ပါဘူး''

ခိုးထုပ် ခိုးတည်နဲ့မိသလို အပြေးအလွှား ဖြေရှင်းပြီးအကြည့်ကို ရုပ်သိမ်းလိုက်သည်။ အဖြေ ရှာတဲ့အကြည့်တွေနဲ့ ငုံ့နေတဲ့တင်သိန်းမောင်ရဲ့မျက်နှာကို မျက်မှောင်ကြုတ်ပြီး စိုက်ကြည့်မိသည်။

သိုသိပ်လွန်းတဲ့ တင်သိန်းမောင်ကြောင့် ပန်းဖြူမွှေး ဘာအဖြေကိုမှမရလိုက်ပါ။ ရေးနေတဲ့ စာတန်းထဲမှာ စိတ်အာရုံကို နှစ်မြှုပ်လိုက်သည်။

ညနေရုံးမှစောစောဆင်းခဲ့သည်။ သူမအတွက်ထာဝရစိတ်အေးချမ်းမှု တက်ကြွစေမှုကိုဖြစ် စေခဲ့သော သူမရဲ့လက်တွေခန်းလေးသည် ရုတ်တရက်အသွင်ပြောင်းသွားသည်။ ဒီအခန်းထဲမှာ ကြာမြင့်စွာနေရသည်ကို

ကိုပင်မွှန်းကျပ်လာ၏ ။

ဒါကြောင့် စောစောပြန်ခဲ့သည်။ ရုပ်တရက်သည် ဌာနသည် ပျင်းရိခြောက်သွေ့ဖွယ် ကောင်းသည့်အလုပ်ကြီးပါလားလို့ထင်မိသည်။

ဘာကြောင့် ပန်းဖြူမွှေးခံယူချက်တွေ ရုတ်တရက်ပြောင်းလဲသွားရတာလဲ။

သုတေသနဌာနက ထွက်လာတော့ရုံးရဲ့ဝင်းထဲမှာ သူမကိုနှုတ်ဆက်သူတွေကို ဝတ်ကျေ တန်းကျေလေးပြုံးပြီးထွက်ခဲ့သည်။

အိမ်ပြန်ချင်စိတ်လည်းမရှိသေး။ ခြေဦးတည့်ရာသို့လျှောက်ခဲ့မိသည်။ အစဉ်လေးနက်တည် ကြည်ခဲ့တဲ့ပန်းဖြူမွှေးရဲ့စိတ်တွေ ခုချိန်မှာ တည်ငြိမ်မှုမရှိ လေလွင့်ရွက်ဝါလေးကို လွင့်နေသည်။

သွားမှန်းမသိ သူမ၏ ခြေလှမ်းတွေက မင်းသူရိန်ရဲ့ရုံးတည်ရှိနေရာသို့ သွားနေမိသည်။ နှစ် ကြိမ်တိုင်တိုင်မရောက်ချင်ဘဲ ရောက်ခဲ့ရတဲ့ရုံးခန်းရှေ့သို့ စိတ်ရဲ့စေစားမှုကြောင့် ပန်းဖြူမွှေး တတိယအကြိမ်ရောက်ခဲ့ရပြန်ပြီ။

လမ်းကနေပြီး ရုံးခန်းရှိရာအဆောက်အအုံရဲ့အပေါ်ကို ငေးကြည့်မိသည်။

ဘာကြောင့် သည်နေရာကိုရောက်ချင်တာလဲဆိုတာကို သူမရဲ့ရင်ထဲမှာ အဖြေရှာမိသည်။ တိကျစိတ်တိုင်းကျတဲ့ အဖြေကိုရှာမတွေ့ပါ။

ရုတ်တရက် ပန်းဖြူမွှေးရပ်နေရာ တံခါးဝမှတံခါးရွက်ကပွင့်ပြီး သွက်လက်မြန်ဆန်သော လူရိပ်တစ်ခုပြည့်အန်ပြီး ထွက်လာသည်။

အမှတ်မထင် ထိုသူနဲ့ပန်းဖြူမွှေးတိုက်မိသည်။ ထိုသူရဲ့လက်ထဲက စာရွက်တွေ အင်္ဂတေ ပလက်ဖောင်းပေါ်မှာ ပြန့်ကြဲသွားသည်။

'' အို.....ဆောရီးနော်''

သူမရဲ့ အပြစ်မဟုတ်ပါဘဲလျက် ပန်းဖြူမွှေးက

အလောတကြီးတောင်းပန်၏။ ပြီးတော့ ကျ နေတဲ့စာရွက်တွေကို ကုန်း၍ ကောက်ပေးသည်။

ထိုသူကလည်း ကောက်ယူနေသည်။

စာရွက်ပေါ်သို့အာရုံရောက်နေသော သူ့ရဲ့အကြည့် က ဖျတ်ခဲ့ပန်းဖြူမွှေးမျက်နှာဆီသို့ ထိကပ်လာသည်။

သနပ်ခါးအဖွေးသား၊ ပန်းနုရောင်နှုတ်ခမ်းဆိုးဆေးလေးနှင့် ရိုးရှင်းစွာလှနိုင်သူလေးကို သူ ငေးကြည့်မိသည်။ စိုးရိမ်စိတ်တွေ သူမရင်ထဲမှာ လှိုက်၍ ဆုဝေသွားသည်။

ရုတ်ခနဲ့သူ့ရှေ့က ထပြီး အပြေးတစ်ပိုင်းနှင့်ထွက်ခဲ့သည်။ ပန်းဖြူမွှေးရဲ့ ရင်ခုန်သံတွေ ထိတ်လန့်စိုးရိမ်မှုကြောင့် တဒိုင်းဒိုင်းခုန်နေသည်။

'' သူငါ့ကို မှတ်မိသွားပြီလား ''

ရင်ထဲမှာ စိုးရိမ်တကြီးပူပူလောင်လောင်ပင် တွေးလိုက်သည်။

'' အို မှတ်မိမယ်မထင်ဘူး၊ ငါ့မျက်နှာမှာ ဘာမိတ်ကပ်မှလိမ်းမထားဘဲ ပြီးတော့ ငါဝတ်ဆင် ထားတာ ရိုးရိုးလေးပဲ ''

ရှပ်အကျႌ ပုံစံ အကျႌ ပွပွ လုံချည်တိုတိုနှင့်သူမပုံစံက မနေ့ကပန်းနုထွေးပြင်ပေးလိုက်သော ပုံစံနှင့် တခြားစီမဟုတ်လား။

အိမ်ကို အလောတကြီးနှင့်ပြန်လာသည်။ ပန်းနုသွေးကို ဒီအကြောင်းတွေပြောမပြပါ။ မလို အပ်ဘဲ ပန်းနုထွေးစိတ်ပူပင်သောက ရောက်မှာကို စိုးရိမ်မိလို့ပါ။

*